**မန္တလေးခရိုင်တရားရုံး**

**၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅**

| | | |
|---|---|---|
| ဦးအောင်မြတ် | နှင့် | ၁။ ဦးခင်မောင်မြင့် |
| | | ၂။ ဒေါ်ချိုအေး |
| **တရားလို** | | **တရားပြိုင်များ** |

တရားလိုအတွက် - ဒေါ်သန်းသန်းလွင် တရားလွှတ်တော်ရှေ့နေ

တရားပြိုင်များအတွက် - ဦးသိန်းဇံ၊ အထက်တန်းရှေ့နေ

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ လ ၁၉ ရက်

## စီရင်ချက်

အမှုမှာ တရားလိုက တရားပြိုင်များအပေါ် သကာရည်ဘိုးထုတ်ယူရာမှ ထုတ်ယူငွေ၊ အကျိုးအမြတ်ငွေနှင့် နစ်နာကြေးငွေ စုစုပေါင်း သိန်း (၁၂၀၀၀၀၀ိ/-) ပြန်လည်ပေးဆပ်စေလိုမှုစွဲဆိုမှုဖြစ်သည်။

တရားလိုက အဆိုလွှာတွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက် (၂၂၄)၊ ရွှေလရောင်ဝင်းအတွင်း၌ "ထွန်းပြည့်အောင်"အမည်ဖြင့် သကာရည်ပွဲရုံလုပ်ငန်းလုပ်ကိုင်ပြီး၊ တရားပြိုင်များသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ဘွက်ရွာတွင်ကြံတောင်သူလုပ်ငန်းများ လုပ်ကိုင်ကြကြောင်း၊ ၂၀၀၈ ခုနှစ်မှစတင်၍ တရားလိုထံသို့ တရားပြိုင်များသည် သကာရည်များပေးသွင်းပါမည်ဟု လာရောက်ဆက်သွယ်ပြောကြားလာပြီး တရားလိုထံမှ ကြိုတင်ငွေများ ထုတ်ယူခဲ့ကြောင်း၊ ကြိုတင်ငွေထုတ်ယူသည့် အချိန်မှစ၍ သကာရည်များပေးပို့နေ့ရက် ပေါက်ဈေးနှုန်းဖြင့်ဖြတ်၍ ရောင်းချပေးရန် တရားပြိုင်များက သဘောတူထားခဲ့ကြောင်း၊ ပွဲရုံများ၏ ထုံးစံအရ ကြိုတင်ငွေထုတ်ယူခဲ့သည့်အပေါ် တရားပြိုင်များက တရားလိုသို့ အကျိုးအမြတ်အချိုးကျအတိုင်း ကျခံ၍ပေးရန် သဘောတူခဲ့ကြောင်း၊ တရားလိုသည် တရားပြိုင်များထံသို့ ငွေလွှဲများဖြင့် ပေးပို့ခဲ့ရာ ငွေလွှဲထံမှ လုပ်ငန်းအသုံးစရိတ်ထုတ်ယူငွေများမှာ (၃-၆-၂၀၁၁) ရက်နေ့တွင် (၅၀၀၀၀၀)ကျပ်၊ (၁၁-၇-၂၀၁၁) ရက်နေ့တွင် (၃၀၀၀၀၀)ကျပ်၊ (၂၃-၇-၂၀၁၁) ရက်နေ့တွင် (၇၀၀၀၀၀)ကျပ်၊ (၃-၉-၂၀၁၁) ရက်နေ့တွင် (၃၀၀၀၀၀)ကျပ်၊ (၂၂-၉-၂၀၁၁) ရက်နေ့တွင် (၂၀၀၀၀၀)ကျပ်၊ (၁-၁၁-၂၀၁၁) ရက်နေ့တွင် (၁၀၀၀၀၀)ကျပ်၊ (၂၂-၁၁-၂၀၁၁) ရက်နေ့တွင် (၇၀၀၀၀၀)ကျပ်၊ (၉-၁၂-၂၀၁၁) ရက်နေ့တွင် ဒယ်ကြီး(၅)လုံးဖိုး ငွေကျပ်(၂၂၀၀၀၀)ကျပ်၊ (၃-၁-၂၀၁၂) ရက်နေ့တွင် (၄၀၀၀၀၀)ကျပ်၊ (၁၂-၁-၂၀၁၂) ရက်နေ့တွင် (၂၀၀၀၀၀)ကျပ်၊ (၂၄-၁-၂၀၁၂) ရက်နေ့တွင် (၁၀၀၀၀၀)ကျပ်၊ (၄-၂-၂၀၁၂) ရက်နေ့တွင် (၅၀၀၀၀)ကျပ်၊ (၁၂-၂-၂၀၁၂) ရက်နေ့တွင် (၅၀၀၀၀)ကျပ်၊

(၁၄-၂-၂၀၁၂) ရက်နေ့တွင် (၅၀၀၀၀)ကျပ်၊ (၂၂-၂-၂၀၁၂) ရက်နေ့တွင် (၁၀၀၀၀၀)ကျပ်၊ (၁-၄-၂၀၁၂) ရက်နေ့တွင်ရှင်းကျန်လိုငွေကျပ် (၁၀၇၄၈၃၂)ကျပ်၊ (၁-၂-၂၀၁၂) ရက်နေ့တွင် ကြိတ်တုံးငှါးသုံးငွေကျပ် (၃၀၀၀၀၀)ကျပ်၊ (၁-၁၁-၂၀၁၁) ရက်နေ့တွင် အသုံးငွေကျပ် (၁၀၀၀၀)ကျပ်၊ စုစုပေါင်း ထုတ်ယူငွေကျပ် (၅၃၅၄၈၃၂)ကျပ်ဖြစ်ကြောင်း၊ ထုတ်ယူငွေများအပေါ်မှ အကျိုးအမြတ်ငွေမှာ (၂၈၁၄၄၄၉)ကျပ်ဖြစ်သဖြင့် စုစုပေါင်း (၈၁၆၉၂၈၁)ကျပ်ဖြစ်ကြောင်း၊ တရားလိုမှ (၁၀-၉-၂၀၁၂)ရက်နေ့၊ (၄-၁၀-၂၀၁၂)ရက်နေ့များတွင် တရားပြိုင်များအပေါ် အကြောင်းကြားစာပေးပို့ခဲ့သော်လည်း အကြောင်းပြန်ကြားခြင်းမရှိကြောင်း၊ တရားလိုစွဲဆိုသည့် အတိုင်း တရားပြိုင်များအပေါ် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးပါရန် လျှောက်ထားသည်။

ချေလွှာတွင် တရားပြိုင်များနှင့် တရားလိုတို့သည် တရားလို၏မိတ်ဆွေမှ တစ်ဆင့်ခံ ဆက်သွယ်ပေးချက်အရ ကြံတောင်သူနှင့် ပွဲရုံပိုင်ရှင် “ပွဲစား”အဖြစ် ၂၀၀၈ခုနှစ်တွင် စတင်ဆက်သွယ် မိကြပြီး ၂၀၀၈ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ လွှဲပို့ရရှိထုတ်ယူငွေများအတွက် နှစ်စဉ်ထွက်ရှိသည့် သကာရည်ပိုင်းများ နှစ်စဉ်ပေးသွင်းပြေကြေဆပ်ပြီးဖြစ်ပါကြောင်း၊ တရားပြိုင်များအပါအဝင် ကြံတောင်သူများက မိမိတို့ ဈေးဖြတ်လိုသည့်သကာရည်ပေါက်ဈေး ရောက်ရှိအခြေအနေတွင်မှ ရောင်းချရန် ဆက်လက်ခွင့်ပြုပြောကြားမှ ပွဲရုံကဈေးဖြတ်ရောင်းချရစမြဲဖြစ်ကြောင်း၊ ကြံစိုက်ပျိုးစရိတ်၊ ကြံကြိတ်စရိတ်တို့အတွက် လွှဲပို့ထုတ်ပေးရရှိငွေများနှင့် ကြံကြိတ်ရန်လိုအပ် ဝယ်ပေးပစ္စည်း၊ ကျသင့် တန်ဘိုးတိုင်းအပေါ် (၁၀၀ိ/-)လျှင် (၆/-)အတိုးနှုန်းဖြင့်လည်းကောင်း၊ ပွက်ရည်ပိုင်း (၁)ပိုင်းလျှင် ပွက်ရည်ပိသချိန် (၇)ပိသာနှုတ်၍လည်းကောင်း၊ ပွက်ရည်ရောင်းရငွေအပေါ်တွင် “ပွဲခ”နှုတ်ယူ၍ လည်းကောင်း၊ ကြံတောင်သူ တရားပြိုင်တို့သို့ သကာရည်ကာလပေါက်ဈေးမညှိနှိုင်းဘဲ တရားလို ဖာသာဈေးဖြတ်၍လည်းကောင်း၊ နည်းမျိုးစုံဖြင့် တစ်ဖက်သတ်အတိုးတွက်ချက်သကာရည်ဈေးနှုန်း “ဖြတ်”ပြီး တရားပြိုင်များထံသို့ “ရှင်းတမ်းပေးပို့”နည်းများဖြင့် နှစ်စဉ်တရားလိုစိတ်ကြိုက်လုပ်ဆောင် ခြင်းသာ အစဉ်အမြဲရှိခဲ့ပါကြောင်း၊ သကာရည်များပေးပို့ နေ့ရက်ပေါက်ဈေးနှုန်းဖြင့် ဖြတ်၍ ရောင်းချ ပေးရန် တရားပြိုင်များက သဘောတူထားခဲ့ခြင်းမရှိခဲ့ကြောင်း၊ ၂၀၀၈ခုနှစ်မှစတင်ဆက်ဆံခဲ့ရာ ၂၀၁၁ခုနှစ်တွင် ပွက်ရည် ၄၁ပိုင်းပေးသွင်းပြီးချိန်ထိ ထုတ်ယူငွေစုစုပေါင်းသိန်း ၅၀ကျော်ခန့်ရှိပြီး သကာရည်ပိုင်းပေးသွင်းတန်ဖိုးစုစုပေါင်းမှာ သိန်း ၁၁၀ကျော်ဖြစ်ကြောင်း၊ ၂၀၀၈ခုနှစ်မှ ၂၀၁၁ခုနှစ် ၅လပိုင်းကုန်ထိ တရားပြိုင်က တရားလိုသို့ ပေးရန်ငွေကြေးလုံးဝမကျန်ကြောင်း၊ တရားလိုက တရားပြိုင် လင်မယားထံသို့ ပေးပို့သည့် ငွေလွှဲဖြင့် မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာ၊ ကြယ်သုံးလုံး စတိုးမှ (၃-၆-၁၁) (၅၀၀၀၀၀ိ/-)၊ (၁၁-၇-၁၁) (၃၀၀၀၀၀ိ/-)၊ (၂၃-၇-၁၁) (၇၀၀၀၀၀ိ/-)၊ (၂၂-၉-၁၁)(၂၀၀၀၀၀ိ/-)၊ (၁-၁၁-၁၁)(၁၀၀၀၀၀ိ/-)၊ (၁၂-၁-၁၂)(၂၀၀၀၀၀ိ/-)၊ (၂၄-၁-၁၂) (၁၀၀၀၀၀ိ/-)၊ (၄-၂-၁၂) (၅၀၀၀၀၀ိ/-)၊ (၁၂-၂-၁၂) (၅၀၀၀၀၀ိ/-)၊ ကသာမြို့၊ ရပ်ကွက် (၂)၊ ရွှေဇင်ဆေးဆိုင်မှ (၃-၉-၁၁) (၃၀၀၀၀၀ိ/-)၊ (၂၂-၁၁-၁၁) (၇၀၀၀၀၀ိ/-)၊ (၃-၁-၁၂) (၄၀၀၀၀၀ိ/-)၊ (၁၄-၂-၁၂) (၅၀၀၀၀၀ိ/-)နှင့် မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာ၊ ရွှေဇင်စိုးဆေးဆိုင်မှ (၂၂-၂-၁၂) (၁၀၀၀၀၀ိ/-)၊ စုစုပေါင်း (၃၇၅၀၀၀၀ိ/-)(သုံးဆယ်ခုနှစ်သိန်းငါးသောင်းကျပ်)သာ တရားလိုမှ ငွေလွှဲဖြင့်ပေးပို့၍ (၁)တရားပြိုင်က ထုတ်ယူရရှိခဲ့ပါကြောင်း၊ (၅၃၅၄၈၃၂ိ/-)ထုတ်ယူ ရရှိခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ လွှဲပို့ငွေ (၃၇၅၀၀၀၀ိ/-)ကျပ်၊ (၉-၁၂-၂၀၁၁)နေ့စွဲ ဒယ်အိုးကြီး (၅)လုံးတန်ဘိုး (၂၂၀၀၀၀ိ/-)၊ (၁-၂-၂၀၁၂)နေ့စွဲ ကြိတ်တုန်းငှါးသုံးငွေ (၃၀၀၀၀၀ိ/-) တို့အတွက်

၂၀၁၂ခုနှစ်တွင် တရားပြိုင်များမှ ပွက်ရည်ပိုင်း (၉၇)ပိုင်းပေးပို့ပြီး၊ (၂၂-၂-၂၀၁၂)နေ့တွင် ပွက်ရည် ၁ ပိဿာ (၄၃၀)ဈေးနှုန်းပေါက်ကာ ပေးပို့ပြီးဖြစ်ကြောင်း၊ (၁-၄-၂၀၁၂)ရက်နေ့ ရှင်းကျန်လိုငွေ (၁၀၇၄၈၃၅/-)ဆိုသည်မှာ လုံးဝမမှန်ကြောင်း၊ (၃-၆-၂၀၁၁)နေ့မှ (၂၂-၂-၂၀၁၂)နေ့ထိ လွှဲပို့ရငွေနှင့်တရားပြိုင်များ ပေးပို့သည့် ပွက်ရည် (၉၇)ပိုင်းတန်ဖိုးကို ရှင်းတမ်းဖြင့် ရှင်းလင်းပေးခြင်းမရှိဘဲ (၂၇-၈-၂၀၁၂)နေ့တွင် တရားလိုနှင့် မိတ်ဆွေတစ်ဦး၊ ရှေ့နေနှစ်ဦးတို့ ကသာမြို့နေ (၂)တရားပြိုင်မိဘနေအိမ်သို့ ရောက်လာပြီး အသင့်ရေးယူလာသည့် သိန်း (၈၀)ကျော်ကျန်သည့်ဆိုသော စာချုပ်တွင် လက်မှတ်ရေးထိုးခိုင်းခဲ့ကြောင်း၊ တရားပြိုင်တို့မှ လက်မှတ်ရေးထိုးပေးခြင်းမရှိကြောင်း၊ အဆိုလွှာပါထုတ်ယူငွေ (၅၃၅၄၈၃၂)ကျပ်မှာ မမှန်ဖော်ပြခြင်းဖြစ်ပြီး အကျိုးအမြတ်ငွေ (၂၈၁၄၄၄၉)မှာလည်း ဥပဒေခွင့်မပြုသည့်အတိုးငွေများဖြင့် တွက်ချက်တောင်းဆိုထားခြင်းဖြစ်၍ တရားပြိုင်များမှ ပေးချေရန်တာဝန်မရှိကြောင်း၊ တရားလိုများ၏ ဖြေကြားလွှာနှင့် ပူးတွဲဘောက်ချာများတွင် ပွဲရုံသို့ ပေးပို့ခဲ့သည့် ပွက်ရည် (၅၂)ပိုင်းကို တမင်ချန်လှပ်ထားပြီး (၃၀-၃-၂၀၁၂)နေ့ ပွက်ရည် (၂၅)ပိုင်း (၁-၄-၂၀၁၂)ပွက်ရည် (၂၀)ပိုင်းတန်ဖိုးမှာ အမှန်ပေါက်ဈေး၊ အမှန်ကုန်ချိန်တို့ထက်များစွာလျှော့နည်းပြီး တွက်ချက်ထားကြောင်း၊ (၂၅-၂-၂၀၁၁)နေ့စွဲရှေ့စင်လွှဲငွေ (၂)သိန်း၊ (၁၀-၅-၂၀၁၁)အိမ်မှာယူငွေ (၁၀)သိန်းတို့ကိုလည်း တရားပြိုင်တို့မှ ရယူခဲ့ခြင်းမရှိကြောင်း၊ အကျိုးငွေများမှာလည်း မမှန်မကန်ဥပဒေနှင့်မညီ မမှန်ဖော်ပြထားခြင်းဖြစ်ကြောင်း၊ နစ်နာကြေးငွေ (၃၈၃၀၇၁၉)မှာလည်း အခြေခံ ငွေကြေးအကြောင်းချင်ရာအရ မှန်ကန်ခြင်းမရှိဘဲ တောင်းဆိုခြင်းသာဖြစ်ကြောင်း တရားလို၏ အဆိုလွှာအား စရိတ်နှင့်တကွ ပလပ်ပေးရန် ဖော်ပြထားသည်။

ရုံးတော်မှ အဆိုအချေများအရ အောက်ပါရုံးငြင်းချက်များကို ထုတ်နုတ်ခဲ့ပြီး ကြားနာစစ်ဆေးခဲ့သည်။

(၁) တရားလိုသည် တရားပြိုင် (၂)ဦးထံမှ သကာရည်ဖိုးထုတ်ယူငွေ (၅၃၅၄၈၃၂)ကျပ် ထုတ်ယူငွေများအပေါ်မှအကျိုးအမြတ်ငွေ (၂၈၁၄၄၄၉)ကျပ် ရထိုက်သည်ဆိုခြင်းမှာ မှန်သလား။

(၂) တရားလိုသည် နစ်နာကြေးငွေ (၃၈၃၀၇၁၉)ကျပ် ရထိုက်သည်ဆိုခြင်းမှာ မှန်သလား။

(၃) တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်ပါသနည်း။

**ငြင်းချက်(၁)**

နှစ်ဖက်အဆိုအချေများနှင့် သက်သေခံချက်များအရ တရားလိုမှာ ထွန်းပြည့်အောင် အမည်ဖြင့် သကာရည်ပွဲရုံလုပ်ငန်းလုပ်ကိုင်ပြီး တရားပြိုင်များမှာ ကသာမြို့နယ်၊ ဘွက်ရွာနေ ကြံတောင်သူများဖြစ်ကြသည်။ ၂၀၀၈ခုနှစ်မှစတင်၍ တရားပြိုင်များသည် တရားလိုထံမှ ကြိုတင်ငွေများ ထုတ်ယူပြီး သကာရည်များ ပေးသွင်းခဲ့ကြကြောင်းမှာလည်း အငြင်းမပွားပေ။

တရားပြိုင်များအနေဖြင့် ဆိုလွှာအပိုဒ် ၅၌ ဖော်ပြထားသော (၃-၆-၂၀၁၁)နေ့မှ (၂၂-၂-၂၀၁၂)နေ့ထိ လွှဲပို့ငွေစုစုပေါင်းငွေကျပ် (၃၇၅၀၀၀၀/-)ကို ထုတ်ယူရရှိခဲ့ကြောင်း ချေလွှာအပိုဒ် ၅ ၌ ဖော်ပြထားသည့် (၉-၁၂-၂၀၁၁)နေ့စွဲ ဒယ်အိုးကြီး ၅ လုံးဖိုးငွေ (၂၂၀၀၀၀/-)၊ (၁-၂-၂၀၁၂)နေ့ ကြိတ်တုံးငှားသုံးငွေကျပ် (၃၀၀၀၀၀/-)ကိုလည်း ငြင်းဆိုထားခြင်းမရှိပေ။

တရားလိုမှ ယင်းငွေများနှင့် (၁-၄-၂၀၁၂)နေ့တွင် ကျန်လိုငွေကျပ် (၁၀၇၄၈၃၂)နှင့် (၁-၁၁-၂၀၁၁)နေ့ အသုံးငွေ (၁၀၀၀ဝိ/-)အပါအဝင် စုစုပေါင်းထုတ်ယူငွေမှာ (၅၃၅၄၈၃၂)ကျပ် ဖြစ်ကြောင်း၊ ထုတ်ယူငွေအပေါ် အကျိုးအမြတ်ငွေမှာ (၂၈၁၄၄၄၉)ကျပ်ဖြစ်ကြောင်း ဖော်ပြ ထားသည်။

တရားလိုမှ တရားမကျင့်ထုံးဥပဒေအမိန့် ၆၊ နည်းဥပဒေ ၅အရ ဖြေကြားချက်အပိုဒ်(က)တွင် အဆိုလွှာအပိုဒ် ၅ပါ (၁-၄-၂၀၁၂)နေ့ ရှင်းကျန်လိုငွေ (၁၀၇၄၈၃၅/-)ဖြစ်ပေါ်လာရခြင်းမှာ တရားပြိုင်များသို့ ပေးပို့ခဲ့သည့် ထွန်းပြည့်အောင်အမည်ရှိ ဘောက်ချာဖြတ်ပိုင်းနံပါတ် ၄၉၀ (တရားပြိုင်များသို့ ပေးပို့ပြီး)၏ ရှင်းတမ်းတွင် ရှင်းလင်းထားသော လိုငွေ (၁၀၇၄၈၃၅/-) ဖြစ်ပါ သည်ဟု ဖြေဆိုထားသည်။ တရားလိုက (၃-၆-၂၀၁၁)မှ (၂၂-၂-၂၀၁၂)နေ့ထိ ထုတ်ယူသည့် ငွေများ အတွက် တရားပြိုင်မှ သကာရည်များ ပေးသွင်းခဲ့ခြင်းမရှိကြောင်း၊ (၁-၄-၂၀၁၂)နေ့တွင် (၁၀၇၄၈၃၅/-)မှာ ယခင်စာရင်းရှင်းတမ်း ကျန်ငွေဖြစ်ကြောင်း၊ ချေလွှာအပိုဒ်(၅)ပါ ပွက်ရည်(၉၇) ပိုင်း ပေးပို့သည်ဆိုခြင်းမှာ ယခင်နှစ်က ကျန်ရှိသည့် ငွေအတွက်သာ ပေးသွင်းခြင်းဖြစ်ကြောင်း၊ တရားပြိုင်များမှ စာရင်းရှင်းလင်းခြင်းမရှိသဖြင့် (၄-၁၀၂၀၁၂)ရက်စွဲပါ အကြောင်းကြားစာ (သက်သေခံ-စ)အား ပေးပို့ခဲ့ကြောင်း၊ ပွဲရုံထုံးစံအရ ထုတ်ယူသည့် ကြိုတင်ငွေအပေါ် ၁၀ဝိ/- လျှင် ၅/-အတိုးနှုန်း နှစ်ဦးသဘောတူ သတ်မှတ်ကြခြင်းဖြစ်ကြောင်း၊ ကုန်များအပြေအကျေ ပေးသွင်း နိုင်ခြင်းမရှိပါက ပေးရန်ကျန်ငွေသည် နောက်တစ်နှစ်အတွက် ကြိုတင်ငွေဖြစ်ကြောင်း၊ ပို့ကုန်နှင့် ပတ်သက်၍ ကုန်ကျစရိတ်ငွေများကို ပွဲရုံက ကြိုတင်ကျခံရပြီး ကုန်များရောက်သည့်အခါ ရောင်းရ သည့်ငွေထဲမှ နုတ်ယူခဲ့ကြောင်း၊ သကာရည်ပိုင်းခွံ တစ်ခွံလျှင် ၇၀၀ဝိ/-နှုန်းဖြင့် ဝယ်ယူ၍ သကာရည် ထည့်ပို့နိုင်ရန် ကုန်သည်များထံ ပိုင်းခွံများ ပေးပို့ရပြီး ပွဲခအနေဖြင့် ကုန် ၁ပိဿလျှင် ၃ဝိ/- နှုန်းဖြင့် သတ်မှတ်၍ ယူကြောင်း၊ တရားပြိုင်ကိုခင်မောင်သန်း(ခ)ကိုမြင့်သန်းမှာ ၂၀၀၈ခုနှစ်တွင် သကာရည်များ ပေးသွင်းခဲ့ပြီး စာရင်းရှင်းလင်းပြီးဖြစ်ကြောင်း၊ ၂၀၀၉ခုနှစ်တွင်လည်း စာရင်းရှင်းလင်း ပြီးဖြစ်ကြောင်း၊ ၂၀၁၀ခုနှစ်တွင် ရှင်းကျန်ငွေ(၃)သိန်းကျော်ခန့် ကျန်ရှိနေကြောင်း၊ တရားပြိုင်များ မှာ (၃-၆-၂၀၁၁)မှ (၁-၄-၂၀၁၂)နေ့ထိ စုစုပေါင်းငွေနှင့် ပစ္စည်းထုတ်ယူငွေမှာ (၅၃၅၄၈၃၅/-) ဖြစ်ပြီး ယင်းငွေပေါ်မှ အကျိုးအမြတ်ငွေမှာ (၂၈၁၄၄၄၉/-) ဖြစ်သဖြင့် စုစုပေါင်းငွေမှာ (၈၁၆၉၂၈ဝိ/-)ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

တရားပြိုင်အနေဖြင့် တရားလိုအား ပြန်လှန်မေးမြန်းရာ၌ တရားလို၏ ရှင်းတမ်းဖြစ်သော ဘောက်ချာအမှတ် (၄၉၀) (သက်သေခံ-ဃ)အရ တရားပြိုင်မှ ပေးပို့ခဲ့သော အမှတ်စဉ်(၂) ပွက်ရည် (၂၅)ပိုင်း၊ အမှတ်စဉ်(၃) (၂၀)ပိုင်းနှင့် စပ်လျဉ်းပြီး ပေးပို့ထားပြီးဖြစ်ကြောင်း မေးမြန်းခဲ့ရာ တရားလိုမှ မှန်ကန်ကြောင်းထွက်ဆိုထားသည်။ ယင်းသက်သေခံ (ဃ) ရှင်းတမ်း၌ တရားပြိုင်မှ တရားလိုထံသို့ ပွက်ရည် (၃၀-၃-၂၀၁၂)နေ့ (၂၅)ပိုင်းနှင့် (၁-၄-၂၀၁၂)နေ့ (၁၀၁)ပိုင်းတို့အား ပေးပို့ထားကြောင်း ဖော်ပြထားသည့်အပြင် (၂၅-၂-၂၀၁၁) ရွှေစင်လွှဲငွေ (၂၀၀၀၀၀) (၁၃)လအတိုး (၁၃၀၀၀၀)၊ (၁၀-၅-၂၀၁၁)အိမ်မှာယူငွေ (၁၀၀၀၀၀၀)၊ ၁လအတိုး (၅၅၀၀၀၀)၊ (၂၆-၃-၂၀၁၂) ဘောက်ချာမှလိုငွေ (၃၇၅၄၈၇)အား တိုးရင်းပေါင်း (၂၂၅၅၄၈၇)ဟု ဖော်ပြထားပြီး ပွက်ရည် (၂၅) ပိုင်းဘိုးရငွေ (၆၇၃၁၄၀)ကျပ်နှင့် ပွက်ရည်(၂၀)ပိုင်းဘိုးရငွေ (၅၀၇၅၁၅)၊ သင့်ငွေစုစုပေါင်း (၁၁၈၀၆၅၅)ကျပ်အား ခုနှိမ်ထားကြောင်း၊ လိုငွေအဖြစ် (၁၀၇၄၈၃၂)ဟု ဖော်ပြထားပြီး မှတ်ချက် အဖြစ် မနှစ်ကအကြွေး မကြေပါဟု ဖော်ပြထားသည်။

ယင်းသက်သေခံ(ဃ) ရှင်းတမ်းဘောက်ချာပါ ပွက်ရည်(၂၅)ပိုင်းနှင့် (၂၀)ပိုင်းအပေါ် တရားပြိုင်မှ ပေးသွင်းထားကြောင်း ထုချေထားသော်လည်း ယင်းပေးသွင်းခဲ့သည့် သကာရည်တန်ဘိုး စုစုပေါင်း (၁၁၈၀၆၅၅/-)မှာ ယခင် ၂၀၁၁ခုနှစ်က ကြိုတင်ငွေများ ထုတ်ယူထားသည့်အထဲ၌ ခုနှိမ်ထားကြောင်း တွေ့ရှိရသည်။ တရားပြိုင်အနေဖြင့် ရွှေစင်လွှဲငွေ (၂၀၀၀၀၀/-)နှင့် အိမ်မှာ ယူငွေ (၁၀၀၀၀၀၀/-)ကို ရယူခဲ့ခြင်းမရှိဟု ချေပနေသော်လည်း ခိုင်လုံသည့်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော တရားလိုဘက်မှ ယင်းသက်သေခံတင်ပြထားသည့် ရှင်းတမ်း ဘောက်ချာမှာ ဖန်တီးအတုပြုလုပ်ထားကြောင်းလည်း မပေါ်ပေါက်ချေ။

သို့ဖြစ်ရာ (၁-၄-၂၀၁၂)၌ ရှင်းတမ်းလိုငွေမှာ (၁၀၇၄၈၃၂)ကျပ်ဖြစ်ကြောင်း ပေါ်ပေါက်နေပြီး တရားပြိုင်များအနေဖြင့် တရားလိုထံမှ သကာရည်ဖိုးထုတ်ယူငွေမှာ (၅၃၅၄၈၃၂)ကျပ် ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်

ဦးလှဇော်(လိုပြ-၁)၊ ဦးတင်ဇော်ထွန်း(လိုပြ-၂)တို့မှလည်း ပွဲရုံထုံးစံအရ ကြိုတင်ငွေထုတ်ပေးရာ၌ ၁၀၀ိ/-လျှင် ၅/-အတိုးနှုန်း၊ ၆/-အတိုးနှုန်းစသဖြင့် တောင်သူနှင့်ပွဲရုံ နှစ်ဦးနှစ်ဖက် သဘောတူ သတ်မှတ်ထုတ်ယူခြင်းဖြစ်ကြောင်း ထောက်ခံထွက်ဆိုထားသည်။

၎င်းပြင် တရားပြိုင်မှ တင်ပြထားသည့် တရားလိုပွဲရုံမှ စာရင်းရှင်းတမ်း (သက်သေခံ-၃) (၅)(၅-ခ)တို့အရလည်း တရားလိုအနေဖြင့် အတိုးငွေများအား ကြိုတင်ငွေဟု စစ်မေးသည့်အပေါ် ထွက်ချက်ရယူထားကြောင်းနှင့် တရားပြိုင်အနေဖြင့် တရားလိုမှ နှုတ်ယူသော အတိုးငွေများအပေါ် တစ်စုံတစ်ရာ ကန့်ကွက်ခဲ့ကြောင်း တင်ပြခဲ့ခြင်းမရှိသဖြင့် နှစ်ဦးသဘောတူ ပွဲရုံထုံးစံအရ အတိုး သတ်မှတ်ထားခြင်းဖြစ်သည်ဟုပင် ကောက်ယူသုံးသပ်ရပေသည်။

ထို့ကြောင့် တရားလိုသည် တရားပြိုင်(၂)ဦးထံမှ သကာရည်ဖိုးထုတ်ယူငွေ (၅၃၅၄၈၃၂)ကျပ် ထုတ်ယူငွေများအပေါ်မှ အကျိုးအမြတ်ငွေ (၂၈၁၄၄၄၉)ကျပ် ရထိုက်သည်ဆိုခြင်းမှာ မှန်ကြောင်း ငြင်းချက်(၁)အား ဖြေဆိုလိုက်သည်။

**ငြင်းချက်(၂)**

တရားလို၏အဆိုလွှာအပိုဒ်(၆)တွင် တရားပြိုင်များသို့ ထုတ်ပေးသောငွေမှာ အခြားငွေရှင် တစ်ဦးထံမှ အကျိုးအမြတ်များပေး၍ ထုတ်ယူထားသော ငွေများဖြစ်ကြောင်း၊ တရားလိုအနေဖြင့် နစ်နာကြေးငွေအဖြစ် (၃၈၃၀၇၁၉)ကျပ်ဖြစ်ကြောင်း ဖော်ပြထားသည်။ တရားလိုသည် အခြားသူထံမှ ငွေကြေးအကျိုးအမြတ်ပေး၍ တရားပြိုင်ထံသို့ ကြိုတင်ငွေ ထုတ်ပေးထားသည်ဆိုခြင်းမှာ သက်သေထင်ရှားခြင်းမရှိပေ။ တရားမစွဲဆိုမီ တရားပြိုင်များထံသို့ တရားမှ ပေးပို့ခဲ့သည့် (၁၀-၉-၂၀၁၂)နေ့နှင့် (၄-၁၀-၂၀၁၂)နေ့စွဲပါ အကြောင်းကြားစာ (သက်သေခံ- )တို့၌လည်း သကာရည်ဘိုးနှင့် နစ်နာဆုံးရှုံးငွေတန်ဖိုး (၈၁၆၉၂၈၁/-)အား ပေးချေရန် ဖော်ပြထားခြင်း ဖြစ်ပေသည်။

ထို့ကြောင့် တရားလိုသည် နစ်နာကြေးငွေ (၃၈၃၀၇၁၉)ကျပ်အား ရထိုက်သည်ဆိုခြင်းမှာ မမှန်ဟု ငြင်းချက်(၂)အား ဖြေဆိုလိုက်သည်။

**ငြင်းချက်(၃)**

အထက်ပါငြင်းချက်(၁)(၂) သုံးသပ်ဖြေဆိုချက်များအရ တရားပြိုင်များအနေဖြင့် တရားလို

ထံသို့ သကာရည်ဖိုးထုတ်ယူငွေ (၅၃၅၄၈၃၂)နှင့် ယင်းထုတ်ယူငွေအပေါ် အကျိုးအမြတ်ငွေ (၂၈၁၄၄၄၉)ကျပ်အား ပေးချေရန် တာဝန်ရှိကြောင်း ပေါ်ပေါက်နေပေသည်။

တရားလိုအနေဖြင့် တရားပြိုင်ထံမှ စုစုပေါင်းငွေ (၈၁၆၉၂၈၁)ကျပ်အား ရထိုက်သည်။

ထို့ကြောင့် တရားပြိုင်များဖြစ်ကြသော (၁)ဦးခင်မောင်မြင့် (၂)ဒေါ်ချိုအေးတို့သည် တရားလို ဦးအောင်မြတ်သို့ ငွေကျပ် (၈၁၆၉၂၈၁)အား ပေးဆပ်စေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်လိုက်သည်။

ရှေ့နေခ ၅၀၀၀ိ/- သတ်မှတ်သည်။

၂၈/၁၁/၂၀၂၃

(နုနုခင်)
တွဲဖက်ခရိုင်တရားသူကြီး (၂)
မန္တလေးခရိုင်တရားရုံး